ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန
(ကြေညာချက်အမှတ် ၁/၂၀၂၂)
၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ အကြမ်းဖက်စစ်ကောင်စီသည် COVID-19 ရောဂါကူးစက်မှု အလွယ်တကူ ဖြစ်ပေါ်စေနိုင်သည့် လူစုလူဝေးဖြစ်ပေါ်မှုကို ရှောင်ရှားရန်နှင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများအတွက် ကုန်ကျစရိတ်သက်သာစေရန် ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းကိုမစဉ်းစားဘဲ ယင်းတို့၏အကျိုးစီးပွားအတွက် အလုပ်သမားများ၏ ချွေးနည်းစာကို ခေါင်းပုံဖြတ်နိုင်မည့် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) သက်တမ်းတိုးပေးခြင်းနည်းလမ်းကို အသုံးချလျက်ရှိကြောင်းသိရှိရပါသည်။

၂။ အလုပ်သမားများအနေဖြင့် ယင်းလုပ်ငန်းစဉ်အတွက် ပွဲစားများဖြင့် ဆောင်ရွက်ခြင်း မပြုဘဲ မိမိအစီအစဉ်ဖြင့်သာဆောင်ရွက်ရန် အကြမ်းဖက်စစ်အုပ်စုမှကြေညာချက်ထုတ်ပြန်ထားသော်လည်း စခန်းတာဝန်ခံ စစ်ကောင်စီ၏ လက်ကိုင်တုတ်များအနေဖြင့် ပွဲစားများမှတဆင့် သက်တမ်းတိုးသူများကိုသာ ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်စစ်အုပ်စုမှ ကြေညာထားသည့် CI သက်တမ်းတိုး လုပ်ငန်းစဉ်တွင် Counter Service Co., Ltd နှင့်ချိတ်ဆက်ထားသော Seven Eleven ဆိုင်များ၌ ဘတ် ၃၁၀ ပေးသွင်း၍ ငွေသွင်းပြေစာတွင်ဖော်ပြထားသော နေ့ရက်အတိုင်း CI ထုတ်ပေးရေးစခန်းများသို့ သွားရောက်ကာ သက်တမ်းတိုးဆက်လက်ဆောင်ရွက်ရမည်ဟုဖော်ပြပါရှိသော်လည်း ပွဲစားများသည် အမှန်တကယ်ကုန်ကျငွေထက်အဆပေါင်းများစွာ ပိုမိုကောက်ခံလျက်ရှိသည့်အပြင် စခန်းတာဝန်ခံများ အနေဖြင့်လည်း ငွေသွင်းပြေစာပါ သတ်မှတ်ရက်အတိုင်း ဆောင်ရွက်ပေးခြင်း မရှိဘဲ Service Provider နှင့်ပေါင်း၍ကိုယ်တိုင်လာရောက်ဆောင်ရွက်သည့် အလုပ်သမားများအပေါ်တန်းစီကြေး (Queueကြေး) အဖြစ် ဘတ် ၈၀၀ ထပ်မံကောက်ခံ၍ အလုပ်သမားများ၏ ချွေးနည်းစာကို ခေါင်းပုံဖြတ်မှုအား အကြမ်းဖက်စစ်အုပ်စုအနေဖြင့်မျက်ကွယ်ပြုလျက်ရှိပါသည်။ CI စခန်းများတွင်တာဝန်ယူထားသည့် အကြမ်းဖက်စစ်ကောင်စီ၏ တာဝန်ရှိသူများကလည်း CI သက်တမ်းတိုး လာရောက်လျှောက်ထားသည့်ရွှေ့ပြောင်းအလုပ်သမားများအား ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း ကြားသိနေရပါသည်။

၄။ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ပိုမိုခက်ခဲကျပ်တည်းအောင် ခေါင်းပုံဖြတ်ခွင့် ဖန်တီးပေးနေသည့် အကြမ်းဖက်စစ်အုပ်စု ၏ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) သက်တမ်းတိုးထုတ်ပေးခြင်း လုပ်ငန်းစဉ်နှင့်ယင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတွင် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ ကုမ္ပဏီနှင့် အေဂျင်စီတို့အား ပြင်းထန်စွာ ရှုံ့ချကြောင်း ကြေညာအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**